## မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးလုပ်ငန်း

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးလုပ်ငန်း စီမံချက်ကို ၁၉၆၄ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုအချိန်က မျက်ခမ်းစပ်ရောဂါသည် အဓိကမျက်မမြင်ဖြစ်စေသော အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး မျက်ခမ်းစပ်ရောဂါအဖြစ်အများဆုံး မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ပွားမှုနှုန်းမှာ ၄၃% အထိ မြင့်မားခဲ့ပါသည်။ သို့သော်လည်း နိုင်ငံတော်အစိုးရ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် စေတနာရှင် လူမှုရေးအဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် စီမံချက်လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၀ ခုနှစ်တွင် မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှုန်း ၁%အောက်သို့ ကျဆင်းလာပြီဖြစ်သည်။ ယခုအခါ အတွင်းတိမ်ရောဂါသည် အဓိက မျက်မမြင်ဖြစ်စေသော အကြောင်းရင်းတစ်ရပ် ဖြစ်လာခဲ့ပါသည်။

၁၉၉၈ ခုနှစ် မျက်စိရောဂါဖြစ်ပွားမှု စူးစမ်းလေ့လာချက်အရ မျက်မမြင်နှုန်းမှာ လူဦးရေတစ်သိန်းတွင် ၆၀၀ ခန့် (၀.၆% ခန့်) ရှိကြောင်းတွေ့ရပြီး အဓိက မျက်မမြင်ဖြစ်စေသော ရောဂါ/အကြောင်းရင်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| **မျက်မမြင်ဖြစ်စေသောအကြောင်းရင်းများ** | **မျက်မမြင်မှုရာခိုင်နှုန်း** |
|---|---|
| အတွင်းတိမ် | ၆၃% |
| ရေတိမ် | ၁၆% |
| မျက်စိအနောက်ပိုင်းရောဂါများ | ၇% |
| မျက်ခမ်းစပ်ရောဂါ | ၄% |
| မျက်ကြည်လွှာရောဂါ | ၃% |
| မျက်စိထိခိုက်ဒဏ်ရာ | ၁% |
| အခြားမျက်စိရောဂါများ | ၆% |

ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "အမြင်သန်စွမ်း၊ ဒို့အခွင့်အလမ်း၊ သက္ကရာဇ် ၂၀၂၀ အရောက်လှမ်း" "Vision 2020, The Right to Sight: Elimination of avoidable blindness" ဟူသော မဟာဗျူဟာကိုချမှတ်၍ ကာကွယ်ကုသ၍ရနိုင်သော မျက်မမြင်မှုများကို ကမ္ဘာအဝှမ်းပပျောက်ရန် ဆောင်ရွက်လျက်ရှိရာမြန်မာ နိုင်ငံမှလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ဤစီမံချက်အနေဖြင့် မျက်စိကုဌာန (၁၆) ခုကို မန္တလေး၊ မကွေး၊ စစ်ကိုင်း(အောက်ပိုင်း)နှင့် ပဲခူး(အရှေ့)တိုင်းများတွင် မျက်စိအထူးကုဆရာဝန်ကြီး ဦးဆောင်လျက် ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်သူများ ပါဝင်ပြီး ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ စီမံချက်လွှမ်းခြုံမှု အနေဖြင့် တိုင်း(၄)တိုင်း၊ မြို့နယ် (၇၉)မြို့နယ်ရှိ လူဦးရေ ၁၈.၁ သန်းကို လွှမ်းခြုံမှုရှိပါသည်။

စီမံချက်အနေဖြင့် မျက်မမြင်ဖြစ်ပွားမှုနှုန်း ၀.၅% အောက်ကျဆင်းစေရန် ရည်ရွယ်လျက် အောက်ပါ **မဟာဗျူဟာများ** ချမှတ်လုပ်ဆောင်လျက်ရှိပါသည်။

- အတွင်းတိမ် ခွဲစိတ်မှုနှုန်း မြင့်မားလာစေရန်နှင့် ခွဲစိတ်မှုအဆင့်မြင့် နည်းပညာများ တိုးတက်လာစေရန်၊
- ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမှီစေခြင်းဖြင့် ကာကွယ်ကုသနိုင်သော ရောဂါကြောင့် မျက်မမြင်ဖြစ်ပွားမှု လုံး၀ ပပျောက်သွားစေရန်၊
- မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းပါ၀င်မှုကို တိုးမြှင့်စေရန်၊
- အတွင်းတိမ်ရောဂါကို လူအများစု တတ်နိုင်သော အခကြေးငွေနှုန်းထားဖြင့် ခွဲစိတ်ပေးပြီး ဆင်းရဲနွမ်းပါးသူများကို အခမဲ့ခွဲစိတ်ကုသပေးရန် (၂၀၀၅-ခုနှစ်တွင် အတွင်းတိမ်ခွဲစိတ်မှုပေါင်း ၁၉၀၉၀ခု နှင့် အခမဲ့ခွဲစိတ် ကုသမှုပေါင်း ၅၄၈ ခု ဆောင်ရွက်ခဲ့ပါသည်)။
- နယ်လှည့်ကုသမှုများဆောင်ရွက်ရန် (၂၀၀၅ ခုနှစ်တွင် နယ်လှည့်၍ အတွင်းတိမ်ခွဲစိတ် ကုသမှုပေါင်း ၆၀၀ ဆောင်ရွက်ခဲ့ပါသည်)။



*နယ်လှည့်အတွင်းတိမ် ခွဲစိတ်ကုသမှုများ ဆောင်ရွက်နေစဉ်*

## အကောင်အထည်ဖော်မည့်လုပ်ငန်းများ

- နိုင်ငံတော်၏ ကျန်းမာမှုမြှင့်တင်ရေးလုပ်ငန်းများ
  - မြန်မာနိုင်ငံအလယ်ပိုင်း စိမ်းလန်းစိုပြေရေးစီမံချက်ဆောင်ရွက်ခြင်း၊
  - ရေရရှိရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊

- မျက်မမြင် ကာကွယ်ရေးလုပ်ငန်းများ
  - ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်သူနှင့် မျက်စိအထူးကုဆရာ၀န်များမှ ကျေးရွာများတွင် ကွင်းဆင်းကုသခြင်းနှင့် ကျောင်းများတွင် မျက်စိစစ်ဆေးကုသပေးခြင်း၊
  - မျက်ခမ်းစပ် လူနာများအတွက် တက်ထရာဆိုင်ကလင်း မျက်စဥ်းဆေး ထုတ်လုပ်ခြင်း၊ ကွင်းဆင်း၍ မျက်ခမ်းစပ်လူနာများ ခွဲစိတ်ကုသပေးခြင်း၊ အခြားမျက်စိဝေဒနာရှင်များကို ညွှန်းပို့ပေးခြင်း၊

- ကုသရေးလုပ်ငန်းများ
  - မျက်စိကျန်းမာရေးအတွက် ဆေးကုသပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းကို စီမံချက်ဌာနများတွင်လည်းကောင်း၊ ကွင်းဆင်းကုသ၍လည်းကောင်း ဆောင်ရွက်ပေးခြင်း။





*စံပြကျေးရွာနှင့်ကျောင်းများတွင် မျက်စိကျန်းမာရေးစစ်ဆေးနေပုံ*

- သင်တန်းပို့ချခြင်းလုပ်ငန်းများ
  - ပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်မှုသင်တန်းကို အခြေခံနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ဝန်ထမ်းများအား ပို့ချပေးခြင်း။
- အပြည်ပြည်ဆိုင်ရာ အမျိုးသား မျက်စိဘဏ်လုပ်ငန်းများ(ရန်ကုန်နှင့်မန္တလေး)
  - ရန်ကုန်နှင့် မန္တလေးမြို့များတွင် မျက်စိဘဏ်များ ဖွင့်လှစ်ကာ မျက်ကြည်လွှာစုဆောင်းခြင်း၊ အရည်အသွေး ထိန်းသိမ်းခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- သုတေသနလုပ်ငန်းများ
  - မြို့နယ်(၉)မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော အတွင်းတိမ်ခွဲစိတ်ကုသခြင်း လုပ်ငန်းများကို သုတေသနပြု၍ မျက်မမြင်နှုန်း၊ အတွင်းတိမ်ခွဲစိတ်ကုသခြင်း လွှမ်းခြုံမှုရာခိုင်နှုန်း၊ ကုသခြင်း၏ ရလဒ်များ အခြေအနေကို လေ့လာခြင်း၊
  - မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မြို့နယ်(၁၂)မြို့နယ်တွင်လေ့လာပြီး မျက်ခမ်းစပ်ရောဂါ ဆက်လက်ဖြစ်ပွားနေသေးသော ဒေသအချို့ကိုဖော်ထုတ်ခြင်း၊

## ၂၀၀၅- ခုနှစ်တွင် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံချက်မှ ဆောင်ရွက်ခဲ့သော လုပ်ငန်းများ

| | |
|---|---|
| • အတွင်းတိမ်ခွဲစိတ်ကုသမှု | ၁၉၀၉၀ |
| • ရေတိမ် ခွဲစိတ်ကုသမှု | ၂၉၆၃ |
| • အခြားအကြီးစားမျက်စိခွဲစိတ်ကုသမှု | ၅၇၅ |
| • အခြားအသေးစားမျက်စိ ခွဲစိတ်ကုသမှု | ၁၁၇၁၄ |
| • မျက်ခမ်းစပ်ဖြစ်ပြီး လူနာမျက်ခွံ ခွဲစိတ်ကုသမှု | ၄၅၆၆ |
| • အခမဲ့အတွင်းတိမ် ခွဲစိတ်ကုသခြင်း | ၅၄၈ |
| • မျက်စိကျန်းမာရေးစစ်ဆေးသောရွာပေါင်း | ၃၁၅၇ |
| • မျက်စိကျန်းမာရေးစစ်ဆေးသောလူဦးရေပေါင်း | ၁၇၈၁၈၄၈ |
| • မျက်စိကျန်းမာရေးစစ်ဆေးသောကျောင်းပေါင်း | ၁၆၈၉ |
| • မျက်စိကျန်းမာရေးစစ်ဆေးသောကျောင်းသူ/သားပေါင်း | ၂၄၁၆၆ |

မျက်ခမ်းစပ်ရောဂါ လုံးဝပပျောက်ရေးလုပ်ငန်းများကို စစ်ကိုင်း၊ ရွှေဘိုနှင့် မုံရွာခရိုင်များတွင် ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြီးစီးခဲ့ပါသည်။